# ငွေကြေးအထောက်အပံ့ သတ်မှတ်ချက်ပြည့်မီမှု မူဝါဒ အကျဉ်းချုပ်

Corewell Health™

သင်၏ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်များအတွက် ကျွန်ုပ်တို့ကို ရွေးချယ်သည့်အတွက် ကျေးဇူးတင်ပါသည်။ ကျွန်ုပ်တို့၏ ရည်မှန်းချက်မှာ လူနာအားလုံးကို ၎င်းတို့၏ ငွေကြေးအခြေအနေ မည်သို့ရှိစေကာမူ အရည်အသွေးမြင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများ ပေးရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ငွေကြေးအထောက်အပံ့ (မူဝါဒ) နှင့်အညီ အရေးပေါ်နှင့် အခြားဆေးဘက်ဆိုင်ရာအရ လိုအပ်သောစောင့်ရှောက်မှုအတွက် လူနာများကို ငွေကြေးအထောက်အပံ့ပေးသည်။

**မည်သူက သတ်မှတ်ချက်ပြည့်မီသလဲ။**

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ မူဝါဒ သတ်မှတ်ချက်များနှင့်ကိုက်ညီသော လူနာများကို ငွေကြေးအထောက်အပံ့ပေးသည်။ သတ်မှတ်ချက်ပြည့်မီမှုသည် အာမခံအကာအကွယ်နှင့် အခြားငွေပေးချေမှုရင်းမြစ်များ (ခန္ဓာကိုယ် ထိခိုက်ဒဏ်ရာရမှုအတွက် အာမခံလျော်ကြေး တောင်းဆိုမှုများအတွက် ကဲ့သို့)၊ ဝင်ငွေ၊ မိသားစုဦးရေနှင့် ပိုင်ဆိုင်မှုများအပါအဝင် အချက်များစွာပေါ် အခြေခံသည်။ အခြားရွေးစရာ ငွေပေးချေမှု နည်းလမ်းအားလုံးကို သုံးထားဖူးပြီး အောက်ပါအချက်များနှင့်ကိုက်ညီသော သူများအတွက် ဤမူဝါဒက အခမဲ့စောင့်ရှောက်မှုကို ပေးပါသည်-

- အိမ်ထောင်စုဝင်ငွေသည် လက်ရှိနှစ် ဖက်ဒရယ်ဆင်းရဲနွမ်းပါးမှုဆိုင်ရာ လမ်းညွှန်ချက်များ၏ 250% တွင် သို့မဟုတ် ယင်းအောက်တွင်ရှိလျှင်
- စနစ်တကျဖြည့်စွက်ထားသော လျှောက်လွှာကို တင်သွင်းထားလျှင်။

ငွေကြေးအထောက်အပံ့အတွက် သတ်မှတ်ချက်ပြည့်မီပါက သင့်ကို အရေးပေါ် သို့မဟုတ် ဆေးဘက်ဆိုင်ရာအရလိုအပ်သော စောင့်ရှောက်မှုအတွက် ယေဘုယျကောက်ခံလေ့ရှိသော ပမာဏထက်ပို၍ ငွေတောင်းခံမည်မဟုတ်ပါ။

ကြီးမားသော ဆေးဘက်ဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အခက်အခဲတစ်ခုကို သင်ရင်ဆိုင်ကြုံတွေ့ရပါက ဘေးအန္တရာယ်အခက်အခဲဆိုင်ရာငွေကြေးအထောက်အပံ့ကိုလည်း သင်ရရှိကောင်းရရှိနိုင်ပါသည်။

**ကျွန်ုပ်တို့၏ ငွေကြေးအထောက်အပံ့ မူဝါဒ၏ အခမဲ့မိတ္တူများနှင့် လျှောက်လွှာကို ရယူနိုင်သည့်နေရာ**

ညာဘက်တွင်ဖော်ပြထားသော အချက်အလက်များကို အသုံးပြု၍ ကျွန်ုပ်တို့ထံ ဆက်သွယ်ခြင်းဖြင့် ကျွန်ုပ်တို့၏ မူဝါဒနှင့် လျှောက်လွှာကို အခမဲ့ ရရှိနိုင်ပါသည်။ ၎င်းတို့ကို ဖုန်း၊ စာတိုက် သို့မဟုတ် အီးမေးလ်မှ တစ်ဆင့် တောင်းဆိုနိုင်သည်။ ၎င်းတို့ကို ဒေါင်းလုဒ်လုပ်ရန်နှင့် ပရင့်ထုတ်ရန်အတွက် ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များတွင် ရရှိနိုင်ပါသည်။ မိတ္တူများကို ကျွန်ုပ်တို့၏ ဆေးရုံတည်နေရာအားလုံး၏ အချက်အလက်ကောင်တာများ၊ မှတ်ပုံတင်ရုံးများ သို့မဟုတ် အရေးပေါ်ဌာနများတွင်လည်း ရရှိနိုင်ပါသည်။

**ဘာသာပြန်ဆိုမှုများကိုလည်း ရရှိနိုင်သည်**

ကျွန်ုပ်တို့၏မူဝါဒ၊ လျှောက်လွှာနှင့် ဤအကျဉ်းချုပ်ကို အခြားဘာသာစကားများဖြင့် ဘာသာပြန်ဆိုချက်များအား တောင်းဆို၍ဖြစ်စေ၊ ညာဘက်တွင်ဖော်ပြထားသော ဝက်ဘ်ဆိုက်များတွင် ဝင်ရောက်ကြည့်ရှု၍ဖြစ်စေ ရယူနိုင်သည်။

**အထောက်အပံ့ ရရှိနိုင်သည်**

ငွေကြေးအထောက်အပံ့အတွက် သင့်လျှောက်လွှာကို ဖြည့်စွက်ရာတွင် ကူညီရန် ငွေကြေးဆိုင်ရာ အတိုင်ပင်ခံများနှင့် အကျိုးခံစားခွင့် အကြံပေးသူများကို ရရှိနိုင်သည်။ "လျှောက်ထားနည်း" ကဏ္ဍတွင် ဖော်ပြထားသည့်အတိုင်း ဖုန်းခေါ်ဆိုခြင်းဖြင့် သို့မဟုတ် ဆက်သွယ်ခြင်းဖြင့် ၎င်းအကြံပေးသူတို့နှင့် ဆက်သွယ်နိုင်သည်။ ကျန်းမာရေးအာမခံ ဈေးကွက် သို့မဟုတ် မီချီဂန် ပြည်နယ် Medicaid အစီအစဉ်များမှ တစ်ဆင့် အာမခံအကာအကွယ်အတွက် စာရင်းသွင်းရာတွင်လည်း ၎င်းတို့က သင့်ကို ကူညီပေးနိုင်သည်။

**လျှောက်ထားနည်း**

**Corewell Health Southeast Michigan**

- 3601 W. 13 Mile Rd., Royal Oak, MI 48073 တွင် တည်ရှိသော ဆေးရုံနယ်မြေအပါအဝင် Corewell Health ဆေးရုံတစ်ခုခုတွင် လူကိုယ်တိုင်၊
- Corewell Health Financial Counseling, 3601 W. 13 Mile Rd., Royal Oak, MI 48073 သို့ စာတိုက်မှ စာပို့ခြင်းဖြင့်
- 877.687.7309 သို့ ဖုန်းခေါ်ဆိုခြင်းဖြင့်
- beaumont.org/patients-families/billing/financial-assistance သို့ သွားခြင်းဖြင့်
- EastFinancialCounseling@corewellhealth.org သို့ အီးမေးလ်ပို့ခြင်းဖြင့်

**Corewell Health Southwest Michigan**

- 1234 Napier Avenue, St. Joseph, MI 49085 တွင် တည်ရှိသော အဓိကဆေးရုံနယ်မြေအပါအဝင် Corewell Health ဆေးရုံတစ်ခုခုတွင် လူကိုယ်တိုင်
- Corewell Health Financial Counseling, 1234 Napier Avenue, St. Joseph, MI 49085 သို့ စာတိုက်မှ စာပို့ခြင်းဖြင့်
- 844.408.4103 သို့ ဖုန်းခေါ်ဆိုခြင်းဖြင့်
- spectrumhealthlakeland.org/patient-visitor-guide/patient/billing/financial-assistance သို့ သွားခြင်းဖြင့်
- SHLFinancialCounseling@corewellhealth.org သို့ အီးမေးလ်ပို့ခြင်းဖြင့်

**Corewell Health West Michigan**

- 100 Michigan, Grand Rapids, MI 49503 တွင် တည်ရှိသော အဓိကဆေးရုံနယ်မြေအပါအဝင် Corewell Health ဆေးရုံတစ်ခုခုတွင် လူကိုယ်တိုင်
- Corewell Health Financial Counseling, 100 Michigan, Grand Rapids, MI 49503 သို့ စာတိုက်မှ စာပို့ခြင်းဖြင့်
- 844.838.3115 သို့ ဖုန်းခေါ်ဆိုခြင်းဖြင့်
- spectrumhealth.org/billing/financial-assistance သို့ သွားခြင်းဖြင့်
- FinancialCounseling@corewellhealth.org သို့ အီးမေးလ်ပို့ခြင်းဖြင့်

© Corewell Health
**X18761 (11/23)** - Burmese (English X18614) (Arabic X18760) (Korean X18762) (Swahili X18763) (Kinyarwanda X18764) (Nepali X18765) (BosnianX18767) (Spanish X18768) (Vietnamese X18769) (Chinese X18770) (Bengali X27835) (Albanian X27836) (Karen X27843) FINANCIAL ASSISTANCE ELIGIBILITY POLICY SUMMARY